စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်

ဝက်လက်မြို့နယ်

ရုံးသာကျေးရွာအုပ်စု၊ ရုံးသာကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရုံးသာကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဝက်လက်မြို့၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

၂၀၁၉ခု ၊ ဇွန်လ

မာတိကာ

၁။နိဒါန်း

(က) ရည်ရွယ်ချက် ၁

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု ၁

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၂

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ ၃

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား ၃

(ခ) သဘာဝအရင်းအမြစ်များ ၃

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၃

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၄

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ ၅

(ဃ) ပညာရေး ၅

(င) ကျန်းမာရေး ၆

(စ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၇

(ဆ) ကျား-မ ရေးရာ ၇

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း ၉-၁၀

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) - ဖွံ့ဖြိုးရေးဗျူဟာဇယား ၁၁-၁၅

နောက်ဆက်တွဲ(၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၆-၃၁

၁။နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့သည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်အချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်

အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၄င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစ်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များကို ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၄င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၄င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တက်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်း လင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

၃

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်နိုင် မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူနည်း၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီ အစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဝက်လက်-ပေါက်ကန်လမ်းမကြီးဘေးတစ်ဖက်ရဲ့(၁)မိုင်(၃)ဖာလုံအတွင်း တည်ရှိပြီး အုပ်ချုပ်ရေးမှူးရုံးစိုက်ရာ ဝက်လက်မြို့နှင့်တောင်ဘက်အရပ်(၄)မိုင်အကွာအဝေးတည် ရှိပြီး ဆက်သွယ်သွားလာရလွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဖြစ်ကြသည်။

ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ ၆၀မှ၈၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်း များအတွက် အသင့်အတင့်အထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင် တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှုမှကင်းလွတ်သည်။ ကျေးရွာအနီးတွင် တောတောင်မြစ်ချောင်း များမရှိပဲ မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။ လယ်ယာမြေများသည် စပါး၊ နှမ်း၊ ပဲစိမ်းငုံများ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိကအားထားရာဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်များ

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်အတင့်ကောင်းမွန် သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ မြေအောက်ရေအသုံးပြုမှုနည်းပါးပြီး မိုး ကောင်းတောအရပ်ဒေသဖြစ်၍ မိုးရေကိုသာ အဓိကအားထားလုပ်ကိုင်ရပါသည်။ ထွန်ယက်စိုက်ပျိုး နိုင်သည့် ဧက(၃၇၀၀)ရှိပြီး စပါး၊ နှမ်း၊ ပဲစိမ်းငုံကို အဓိကစိုက်ပျိုးကြသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် လူထုအခြေပြု လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၇)ဖွဲ့၊ ဘာသာရေးဆိုင်ရာ (၁)ဖွဲ့ ရှိပါသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီး ရေးရာအဖွဲ့မှာ လှုပ်ရှားမှုအားနည်းသည့် နာရေးကူညီမှုအသင်းမှာ နာရေးကိစ္စအပါအဝင်လူမှုရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှုအားကောင်းသည့် မြန်မာ့အသေးစား

ငွေကြေးအဖွဲ့ကို ပြင်ပမှ ဖွဲ့စည်းပေးထားပြီး အသေးစားငွေစုငွေချေးစနစ်ကို လည်ပတ်ဆောင်ရွက် လျက်ရှိပါသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက် မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်း ဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

လယ်ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်သောကြောင့် မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်။ မြေအောက်ရေအသုံးပြုမှုမရှိကြပါ။ ထွန်ယက်စိုက်ပျိုးနိုင်သည့် လယ်/ယာမြေ ဧက(၃၇၀၀)ရှိပြီး စပါး၊ ပဲ၊ နှမ်း၊ ပဲစိမ်းငုံတို့ကို အဓိကစိုက်ပျိုးကြသည်။ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းပါ သည်။ ဆင်းရဲ၊ ချမ်းသာ သတ်မှတ်မှုတွင် အိမ်ထောင်စုဝင်အားလုံး၏ ၅၃% သည် ဆင်းရဲနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုများအဖြစ် ခံယူကြပြီး ၂၅% သည် ချမ်းသာသည့်အဆင့်၊ ၅၀% သည် အလယ်အလတ်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်/ယာမြေပိုင်ဆိုင်မှု၊

လယ်/ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုတို့ကြောင့် ကျေးရွာအနေအထားမှာ အသင့်အတင့်ကောင်း မွန်သည်ဟု ပြောနိုင်သည်။

ကျေးရွာ၏ မြေယာပိုင်ဆိုင်မှုသည် အလွန်အဆင်ပြေသော အလယ်အလတ်ရှိသော အိမ်ထောင်စုသည် ၂၅ မှ ၁၀၀ ရှိပြီး အသင့်အတင့်ရှိသော အလွန်အဆင်မပြေသော အိမ်ထောင်စုမှာ ၁၅၀ မှ ၁၅၅ ရှိပါသည်။ ယင်းတို့အနက် ဆင်းရဲအဆင့် မြေယာအနည်းငယ်ပိုင်ဆိုင်သော လယ်သမား၊ လက်လုပ်သမား၊ မြေမဲ့ယာမဲ့အိမ်ထောင်စုများရှိကြသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်းများတွင် အလုပ်အကိုင်များ ရှာဖွေရရှိနိုင်ကြသည်။

ကျေးရွာတွင် စပါးနှင့်နှမ်းကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါး စိုက်ဧက(၃၀၀၀)ရှိပြီး နှမ်း၊ပဲစင်းငုံ၊ ကုလားပဲ စိုက်ဧက(၇၀၀)ရှိသည်။ မိုးစပါးပျမ်းမျှအထွက်နှုန်းမှာ (၅၀.၅)တင်းနှင့် ယာမြေသီးနှံအထွက်မှာ အသင့်အတင့်ရှိပြီး တောင်သူအများစုသည် လယ်/ယာလုပ်ငန်းခွင်အတွက် အလုပ်သမားများကို ငှားရမ်းနိုင်ကြသော ကုန်ကျစရိတ်မြင့်မားကြရပါသည်။ တချို့တောင်သူများမှာ ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန်အတွက် ပက်ကြဲစနစ်ကို အသုံးပြုကြသည်။ တစ်ခါတစ်ရံ မိုးရွာသွန်းမှု မညီမျှခြင်းကို ရင်ဆိုင်တက်ပါသည်။ လယ်ယာမြေစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်မှုကို တွေ့ရှိရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတစ်ချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နှင်းရေးစနစ်ကို လိုလားကြသည်။

၅

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ စျေးမရှိပါ။ တစ်နိုင်တစ်ပိုင် စျေးဆိုင်လေးများရှိ၍ အသင့်အတင့်ဝယ်ယူနိုင်ကြသည်။ ကျေးရွာနှင့် စျေးကွက်လက်လှမ်းမှီမှုအနီးဆုံးစျေးမှာ ဝက်လက်မြို့ (၃)မိုင်မှ (၅)မိုင်ခန့် ကွာဝေးပါသည်။ ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှုမှာ ဝက်လက်မြို့ တွင် ပစ္စည်းအမယ်စုံများပြားစွာ ဝယ်ယူရရှိနိုင်ပါသည်။ သယ်ယူပို့ဆောင်ရေးနည်းလမ်းများမှာ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာကျီများကို အသုံးပြုကြရပြီး မိုးရာသီများမှာ မြေသားလမ်း အနေအထားပျက်စီးမှုကြောင့် ကုန်ထုတ်လုပ်မှုနှင့် ရောင်းဝယ်ရေးများ ခက်ခဲကြုံတွေ့ရတက်သည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၅ ခုနှစ်၊ (၁)လပိုင်းတွင် စတင်အကောင်အထည်ဖော်ပြီး ၂၀၁၇ ခုနှစ် (၇)လပိုင်းတွင် မဟာဓါတ်အားလိုင်း (11KVA)ကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ချက်ပြုတ်ရေး၊ မီးလင်းရေး ကိစ္စရပ်များအတွက် အဆင်ပြေစေသည်။ ကျောင်းသူ/သားများအတွက် လည်း ညဖက်စာဖတ်ရန်အတွက် အထောက်အကူဖြစ်စေပါသည်။ ထင်းလောင်စာသုံးစွဲမှု၊ ဖယောင်းတိုင်မီးသုံးစွဲမှုများ လျော့နည်းသွားပြီး မီးဘေးအန္တရာယ်လည်း လျော့နည်းစေပါသည်။ လူမှုစီးပွားဘဝလည်း မြင့်မားလာစေရေးအတွက် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။

ကျေးရွာ၏ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးသွယ်တန်းမှုနှင့် လျှပ်စစ်မီးသုံးစွဲနိုင်မှု အခြေအနေများကို မီးလင်းရေးကော်မတီထံတွင် လေ့လာဆန်းစစ်ရာ အိမ်ထောင်စု ၅၅% သည် မီးသုံးစွဲနိုင်ကြပြီး ကျန်အိမ်ထောင်စုများမှာ ဆိုလာစနစ်အား အသုံးပြုနေရဆဲဖြစ်သည်။ အများနည်းတူ လျှပ်စစ်မီးလင်းရေးကို သတ်မှတ်စံနှုန်းအတိုင်း ထည့်ဝင်နိုင်ရန် ကြိုးပမ်းအားထုတ်ကြသော်လည်း စွမ်းဆောင်နိုင်မှုအားနည်းကြသည်။ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ လျှပ်စစ်ဝန်ကြီးဌာနတို့မှ ငွေကြေးအထောက်အပံ့နှင့် နည်းပညာရှင်များနှင့်ချိတ်ဆက်၍ ကျေးရွာမီးလင်းရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျန်ရှိနေသော အိမ်ထောင်စု ၄၅% အနက် ၂၅% သည် မြေယာမဲ့လက်လုပ်လက်စားဖြစ်၍ လူမှုရေး၊ ပညာရေး၊ စားဝတ်နေရေး ပြဿနာများ ဖြေရှင်းနေကြရသဖြင့် လျှပ်စစ်မီးချိတ်ဆက်နိုင်မှု မရှိကြပေ။ ကျေးရွာတွင် လျှပ်စစ်မီးရရှိသော အိမ်ထောင်စုများသည် ရေခဲသေတ္တာဖြင့် စားသောက်ကုန်များ သိုလှောင်ထားနိုင်ခြင်း၊ ချက်ပြုတ်ရာ၌ အချိန်ကုန်သက်သာခြင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးများ ချိတ်ဆက်နိုင်ခြင်းတို့ကြောင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဆက်ဆံရေးများ လွယ်ကူလျှင်မြန်စွာ ရရှိနိုင်ပါသည်။

(ဃ) ပညာရေး

ကျေးရွာတွင် မူလတန်းနှင့် အလယ်တန်းကျောင်းတည်ရှိပြီး အနီးအနားရွာမှလည်း တက်ရောက်ကြသည်။ မူလတန်းတွင် (၇၅)ဦးနှင့် အလယ်တန်းတွင် (၅၉)ဦး ရှိပါသည်။ မိဘ၊ ဆရာသမားများအနေဖြင့် ပညာရေးကို အလေးထားဆောင်ရွက်ကြသော်လည်း စီးပွားရေး၊ လူမှုရေး ပြဿနာများကြောင့် တစ်ချို့သော မိသားစုများမှာ သားသမီးများကို ကျောင်းအသုံးအဆောင်ပစ္စည်း

များအား အများနည်းတူ ပြည့်စုံစွာ ဝယ်ယူပေးနိုင်မှုအားနည်းသည်။ ကျေးရွာမှ ပညာရေးကို ပါရမီဖြည့်ကုသိုလ်ပြု လှူဒါန်းကြ၍ ကျောင်းတက်နှုန်းမှာ ရာခိုင်နှုန်းအားဖြင့် ကောင်းမွန်ပါသည်။

ကျေးရွာတွင် အခြေခံပညာရေးကို ကျေးရွာရှိ မူလတန်း၊ အလယ်တန်းတို့တွင် တက်ရောက်သင်ကြားနိုင်သည်။ အခြေခံပညာရေးနှင့် အလယ်တန်းကျောင်းသည် ရွာဦးရွာထိပ်တွင် တည်ရှိပြီး ခြေလျှင်ဖြင့် အလွယ်တကူသွားရောက်သင်ကြားနိုင်သည်။ စာသင်ကျောင်းဆောင်၏ စုစုပေါင်း ကြမ်းခင်းဧရိယာမှာ (၂၅၉၂)စတုရန်းပေရှိပြီး မူလတန်းနှင့် အလယ်တန်းကျောင်းဆောင်များ၊ သွပ်မိုး၊ အုတ်နံကာနှင့် အုတ်အခင်းကျောင်းဆောင်တွင် သင်ကြားပေးသည်။ ကျောင်းတွင် ပရိဘောဂများ ပြည့်စုံလုံလောက်ပြီး မူလတန်းပြ ဆရာမ(၆)ဦး၊ အလယ်တန်းပြဆရာမ(၅)ဦး၊ စုစုပေါင်း (၁၁)ဦး ရှိပါသည်။ ကျောင်းသုံးအိမ်သာများမှာ သန့်ရှင်းမှုရှိပါသည်။ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု ရရှိစေပါသည်။ အခြေခံပညာရေး ကျောင်းပိတ်ရက် (တနင်္ဂနွေ)တွင် ဓမ္မစကူးလ်သင်တန်းရှိ၍ အာဟာရတိုက်ကျွေးကုသိုလ်ပြုကြပါသည်။ စာသင်ကျောင်းဝင်း၏ ဧရိယာအကျယ်အဝန်းကို အုတ်တံတိုင်းများဖြင့် ကာရံထားသောကြောင့် စိတ်အေးချမ်းသာ သင်ကြားနိုင်ပါသည်။

(c) ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိပါသည်။ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင် ရရှိနိုင်ပြီး ကွာဝေး၍ အလွယ်တကူသွားလာနိုင်သည့် ရွာသူ/သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးသူငယ်အများစုမှာလည်း ကျန်းမာရေးကောင်းမွန်ကြပြီး (၂၀၁၆-၂၀၁၇) တွင် သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားကြောင်း တွေ့ရှိရပါသည်။

ကျေးရွာတွင် စက်များ၊ မော်တာများကို အသုံးပြု၍ မြေအောက်ရေကို အလွယ်တကူရရှိကြပြီး ဝမ်းပျက်၊ ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စေသော ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရှိရပါသည်။ ကျေးရွာအတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် (၅)နှစ်အောက် ကလေးသူငယ်များကို ကာကွယ်ဆေးထိုးနှံမှုများ နှစ်စဉ်ဆောင်ရွက်လျှက်ရှိပါသည်။

ဤကျေးရွာ၏သောက်သုံးရေရရှိနိုင်မှုအခြေအနေမှာ ယခင်နှစ်ကာလများထက်ရေအရင်းအမြစ်ကို ပိုမိုလွယ်ကူစွာ ရရှိလာသည်ကို တွေ့ရှိရသည်။ သုံးစွဲရေနှင့်ပတ်သက်၍ ရရှိနိုင်မှု အခြေအနေမှာ အိမ်ထောင်စု ၃၀% သည် မြေအောက်ရေကို တူးဖော်ပြီး စက်များ၊ မော်တာများဖြင့် ထုတ်ယူသုံးစွဲကြပြီး ၇၀%မှ မှီခိုသုံးစွဲကြရပါသည်။ ကျေးရွာမှ အိမ်ထောင်စု ၂၈၃စု၏ အဓိက ရေအရင်းအမြစ်မှာ ကျေးရွာ၏ ရာဦးရွာထိပ်တွင် တည်ရှိသော ရေကန်ဖြစ်သည်။ ကျေးရွာတွင်းရှိ မိသားစုတိုင်း ထမင်းဟင်းချက်ပြုတ်ရာ၌လည်းကောင်း၊ အလှူမင်္ဂလာပွဲလမ်းများ ထမင်းဟင်းချက်ပြုတ်ရာ၌ လည်းကောင်း မရှိမဖြစ် အရေးအကြီးဆုံးသော သောက်သုံးရေကန် ဖြစ်သည်။

ဤကဲ့သို့ အားထားရသော ရေကန်သည် ချုံနွယ်ထူထပ်ခြင်း၊ ခြံစည်းရိုးအကာအရံအတားအဆီးမဲ့ခြင်းတို့ကြောင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ ဝင်ရောက်မှုများရှိပါသည်။ သို့ပါ၍ သောက်သုံးရေသန့်ရှင်းမှုကို ညစ်နွမ်းစေပြီး ရွာသူ/သားများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၏ အကူအညီရယူပြီး ခြုံနွယ်များရှင်းလင်းခြင်း၊ ခြံစည်းရိုးခက်ခြင်း၊ ကာရံခြင်းတို့ပြုလုပ်၍ သန့်ရှင်းသော ရေကန်အဖြစ် ဆောင်ရွက်နိုင်ပါသည်။ ကျေးရွာတွင် တစ်ရွာလုံးနီးပါးယင်လုံအိမ်သာများ သုံးစွဲကြသဖြင့် ဆက်စပ်ဖြစ်ပွားတက်သော ရောဂါများ ဖြစ်ပွားမှုနည်းပါးကြောင်း တွေ့ရှိရပါသည်။

(စ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှ ဆင်းရဲသော အိမ်ထောင်စုများ၏ ၅၃%ဖြစ်သော အိမ်ထောင်စုများကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၂၀% မှာ သူတစ်ပါးထံမှ ချေးငှားပြီး နေ့စဉ်လုပ်ငန်းမပြတ်ကြိုးစားပြီးရှာဖွေလုပ်ကိုင်၍ စားသောက်ရသော အိမ်ထောင်စုများဖြစ်ကြသည်။ သို့ဖြစ်၍ ထိခိုက်လွယ်နိုင်ကြောင်း တွေ့ရှိရသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်နိုင်နည်းပါးပြီး တစ်ချို့နှစ်များတွင် မိုးခေါင်ခြင်း၊ အပူလွန်ကဲခြင်းတို့ ဖြစ်တက်ပါသည်။ တိရစ္ဆာန်များ ရောဂါဖြစ်ပွားမှုအခြေအနေမှာ ရာသီအလိုက်ကြက်၊ ဝက်၊ နွားရောဂါများ ကျရောက်တက်သည်။ မွေးမြူသူများအဖို့ကူးစက်ရောဂါထိန်းချုပ်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရန် မြှင့်တင်ရန် လိုအပ်ပါသည်။

ကျေးရွာတွင် လုပ်ကိုင်စားသောက်နိုင်သော လယ်ယာမြေများ အသင့်အတင့်ရှိကြပြီး တောင်သူလယ်သမားအနေဖြင့် စိုက်ပျိုးထုတ်လုပ်ရာတွင် ဓါတ်မြေဩဇာသုံးစွဲမှုနှင့် ဓါတုပိုးသတ်ဆေးပတ်ဖျန်းမှုတို့တွင် နည်းစနစ်တကျ အသုံးပြုမှု အားနည်းပါသည်။

(ဆ) ကျား-မ ရေးရာ

ကျေးရွာတွင် ကျား-မဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မ ကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား/သမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးကို တန်းတူညီမျှစွာ ရရှိကြသည်ဟု ယေဘုယျပြောနိုင်ပါသည်. အုပ်ချုပ်ရေးရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်နိုင်ရေးအတွက်

အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ဖြစ်လာနိုင်ပါသည်။

မှတ်ချက်။ ။ ကျေးရွာဖွံ့ဖြိုးရေးအတွက် လက်ရှိအခြေအနေအား သုံးသပ်ရန်အထောက်အကူ ပြုဇယားများနှင့် စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထု၏ နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်များကို ဖော်ပြထားပါသည်။ တချို့စီမံချက်များရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	ကျန်းမာရေး	သောက်သုံးရေကန် အဆင့်မြှင့်တင်ခြင်း	ပထမ
၂	မီးလင်းရေး	ကျေးရွာတွင်းရှိ အိမ်ထောင်စုအားလုံး မီးလင်းနိုင်ရေး	ဒုတိယ
၃	အဆောက်အဦး	ကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်း	တတိယ
၄	စိုက်ပျိုးရေး	စိုက်ပျိုးရေး နည်းပညာရရှိရေး	စတုတ္ထ
၅	စိုက်/မွေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ	အသက်မွေးဝမ်းကျောင်းနည်းပညာများ ရရှိရေး	ပဉ္စမ

ဝက်လက်မြို့နယ်၊ ရုံးသာကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မည့် ကာလ

စဉ်	ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်	၂၀၁၈-၂၀၁၉	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃
၁	သောက်သုံးရေကန် အဆင့်မြှင့်တင်ခြင်း	၁	✓				
၂	ကျေးရွာတွင်းရှိ အိမ်ထောင်စုအားလုံး မီးလင်းနိုင်ရေး	၂		✓			
၃	ကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်း	၃			✓		
၄	စိုက်ပျိုးရေး နည်းပညာရရှိရေး	၄				✓	
၅	အသက်မွေးဝမ်းကျောင်းနည်းပညာများ ရရှိရေး	၅					✓

ဝက်လက်မြို့နယ် ရုံးသာကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

လူငယ်အဖွဲ့

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းရမည့် နည်းလမ်း	အဆိုပြု စီမံချက်
၁	-အစုအဖွဲ့ဖြင့် စနစ်တကျ လုပ်ကိုင်ရာတွင် ပါဝင်ဆုံးဖြတ်ဆောင်ရွက်သည့် အလေ့အထနှင့်စွမ်းရည်မရှိခြင်း၊ -လက်ရှိအဖွဲ့များချိတ်ဆက်မှု အားနည်းခြင်း	အစဉ်အလာအရ ခေါင်းဆောင်ဆုံးဖြတ်သည့်အတိုင်းလိုက်နာသည့်အကျင့်ပါနေခြင်း၊လူတိုင်းမွေးရာပါ လူစွမ်းရည်ရှိကြောင်း သတိမပြုမိကြခြင်း၊ -လူစွမ်းရည်မြင့်စေသည့် အခွင့်အလမ်းများ မရှိခြင်း	အချင်းခင်းရင်းနှီးခင်မင်ကြခြင်း	ဆင်းရဲသားများစိုးရိမ်သိမ်ငယ်စိတ်များရှိနေကြခြင်း	-လူစွမ်းရည်နှင့်ဖွံ့ဖြိုးရေးသဘောတရားတို့ကို အမြင်ဖွင့်ပေးပြော ခြင်း၊ -ကျေးရွာအဖွဲ့အစည်းများစွမ်းရည်မြှင့်တင်ပြီး စုပေါင်း ဆုံးဖြတ်ချက်ချမှတ်မှု၊ သတင်း အချက်အလက်ဖြန့်ဝေမှု၊ ပေါင်းစပ် ညှိနှိုင်းမှုစနစ်များ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း	-ကျေးရွာအဖွဲ့အစည်းများစွမ်းရည်မြင့်အစီအစဉ်များလုပ်ဆောင်ခြင်း၊ -ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်အခြားအထောက်အကူပြုကော်မတီများ ဖွဲ့စည်းခြင်း

ဝက်လက်မြို့နယ် ရုံးသာကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စိုက်/မွေးမဟုတ်သောအဖွဲ့

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းရမည့် နည်းလမ်း	အဆိုပြု စီမံချက်
၁	အလုပ်လက်မဲ့များပြားခြင်း	-လုပ်ငန်းခွင်သုံးပညာရေးအဆင့်အတန်းနိမ့်ခြင်း၊ -လေ့လာသင်ယူစရာနေရာမပြည့်စုံခြင်း	အလုပ်လုပ်နိုင်သည့် လူငယ်၊ လူရွယ်များရှိနေခြင်း	ဌာနဆိုင်ရာမှ လေ့လာသင်ယူနိုင်ရေးအထောက်အပံ့အားနည်းခြင်း	-စက်ရုံးအလုပ်ရုံများထူထောင်ပြီး အလုပ်အကိုင်ဖန်တီးပေးခြင်း၊ -ရွာအရောက် သင်တန်းများ ပံ့ပိုးခြင်း	-အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်း၊ -လေ့လာသင်ယူရေး ပတ်ဝန်းကျင်အဆင့်မြှင့်တင်ပေး ခြင်း

ဝက်လက်မြို့နယ် ရုံးသာကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

အမျိုးသမီးအဖွဲ့

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေ ကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းရမည့် နည်းလမ်း	အဆိုပြု စီမံချက်
၁	သောက်သုံးရေရရှိမှု အားနည်းခြင်း၊ မသန့်ရှင်းခြင်း	လုံးခြုံမှုမရှိခြင်း၊ ချို့နွယ်များ ထူထပ်ခြင်း	ကန်အကျယ်အဝန်း ကောင်းမွန်ခြင်း၊ရေစီးရေလာကောင်းမွန်ခြင်း	ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်း၊ ငွေကြေးထောက်ပံ့မှု အားနည်းခြင်း	ကျေးရွာပြည်သူလူထုနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ပူးပေါင်းဆောင်ရွက်ခြင်း	သန့်ရှင်းသော ရေကန် အဖြစ် အကောင်အထည် ဖော်ဆောင်ရေး

ဝက်လက်မြို့နယ် ရုံးသာကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

လယ်သမားအဖွဲ့

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းရမည့် နည်းလမ်း	အဆိုပြု စီမံချက်
၁	စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းခြင်း	-စိုက်ပျိုးရေးသွင်းအားစုများအတွက်ငွေကြေးမပြည့်စုံခြင်း၊ -နည်းပညာအထောက်အပံ့အားနည်းခြင်း၊ စိုက်ပျိုးရေး အသိပညာ အားနည်းခြင်း	မိုးရွာသွန်းမှုနှင့် မြေဆီလွှာအသင့်အတင့် ကောင်းမွန်ခြင်း	ရေသွယ်စိုက်ပျိုးနိုင်သည့် ရေသွယ်မြောင်းလက်လှမ်းမမှီနိုင်ခြင်း၊ မြေဆီလွှာပြုပြင်မှု စနစ်တကျ မသုံးစွဲနိုင်ခြင်း	-စိုက်ပျိုးရေး နည်းပညာရှင် များနှင့် ဆက်သွယ်ဆောင်ရွက်ဖန်တီးပေးခြင်း၊ သီးနှံဖျက်ပိုး နှိမ်နှင်းရေးအတွက် ဦးစီးဌာနမှ ထိရောက်သော အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊ -စိုက်ပျိုးရေးဌာနမှ ပုံမှန်ကွင်းဆင်းပညာပေးခြင်း	စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ စိုက်ပျိုးရေးနည်းစနစ်များရရှိရေး

ဝက်လက်မြို့နယ် ရုံးသာကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

ရပ်မိရပ်ဖအဖွဲ့

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းရမည့် နည်းလမ်း	အဆိုပြု စီမံချက်
၁	စိုစွတ်သောကာလများတွင်လမ်းအနေအထားချွတ်ယွင်းခြင်းကြောင့် ခက်ခဲမှုများနှစ်စဉ်နှစ်တိုင်းရင်ဆိုင်ကြုံတွေ့ရခြင်း	မြေသားလမ်းဖြစ်နေခြင်း၊ ကျန်းမာရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ချိတ်ဆက်နိုင်မှုအားနည်းခြင်း	ဖွံ့ဖြိုးရေးတွင် မြို့ရွာများနှင့် ချိတ်ဆက်နိုင်သောလမ်းအနေအထားရှိနေခြင်း	ဝန်ကြီးဌာနများနှင့်ချိတ်ဆက်နိုင်မှု အားနည်းခြင်း၊ ကျေးရွာလူထုအခြေပြုအင်အားနှင့် ထိရောက်အောင်စွမ်းဆောင်နိုင်မှု မရှိခြင်း၊ ငွေကြေးလုံလောက်မှု မရှိခြင်း	ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၏အကူအညီနှင့်ကျေးရွာလူထု ပေါင်းစပ်ပြီး အားစိုက်ဆောင် ရွက်လုပ်ဆောင်ခြင်း	မြေသားလမ်းမှကျောက်ချောလမ်း ရရှိရေး အရှည် ၁မိုင် ၃ဖာလုံ ရွာပြင်လမ်း
၂	အိမ်ထောင်စုအလိုက် မီးလင်းရေးနှင့်သုံးစွဲနိုင်မှုမပြည့်စုံခြင်း	သတ်မှတ်စံနှုန်းပြည့်မှီအောင်ထည့်ဝင်နိုင်မှု မဆောင်ရွက်နိုင်ခြင်း	ကိုယ်ထူကိုယ်ထ စနစ်ဖြင့် မဟာဓါတ်အားလိုင်း ချိတ်ဆက်ထားနိုင်ခြင်း	ကျေးရွာအတွင်းရှိရွာတွင်းလိုင်း(0.4)လိုင်းအားပြည့်စုံအောင် မသွယ်တန်းနိုင်ခြင်း၊ ဝန်ကြီးဌာနမှ ကူညီထောက်ပံ့မှုအားနည်းခြင်း	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ပညာရှင်များနှင့်ချိတ်ဆက်၍ ကျေးရွာမီးလင်းရေးကော်မတီဝင်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး	(0.4)လိုင်းအား တဆင့်မြှင့်တင်ခြင်း၊ ကျေးလက်ဦးစီးဌာနနှင့်နည်းပညာရှင်များအကူအညီရှင်များ

						အကူအညီရယူပြီး ကျေးရွာတွင်းရှိ အိမ်ထောင်စုအားလုံး မီးလင်းနိုင်ရေး

ဝက်လက်မြို့နယ် ၊ ရုံးသာကျေးရွာ အဆိုပြုစီမံချက်ရွေးချယ်မှု ရမှတ်ပေါင်း

စဉ်	စီမံချက်	အမှတ်ပေးသူ ၁	အမှတ်ပေးသူ ၂	အမှတ်ပေးသူ ၃	အမှတ်ပေးသူ ၄	အမှတ်ပေးသူ ၅	အမှတ်ပေးသူ ၆	အမှတ်ပေးသူ ၇	အမှတ်ပေးသူ ၈	အမှတ်ပေးသူ ၉	အမှတ်ပေးသူ ၁၀	ရမှတ်စုစုပေါင်း
၁	သောက်သုံးရေကန် အဆင့်မြှင့်တင်ခြင်း	၁၀	၁၀	၁၀	၉	၁၀	၉	၈	၁၀	၁၀	၉	၉၅
၂	ကျေးရွာတွင်းရှိ အိမ်ထောင်စုအားလုံး မီးလင်းနိုင်ရေး	၁၀	၉	၈	၁၀	၇	၆	၉	၁၀	၈	၁၀	၈၇
၃	ကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်း	၇	၈	၈	၅	၆	၁၀	၉	၉	၇	၆	၇၅

၄	စိုက်ပျိုးရေး နည်းပညာရရှိရေး	၅	၉	၂	၈	၃	၅	၅	၆	၄	၄	၅၁
၅	အသက်မွေးဝမ်းကျောင်းနည်းပညာများ ရရှိရေး	၄	၇	၃	၃	၂	၆	၇	၅	၂	၄	၄၃

ရုံးသာကျေးရွာအုပ်စု၊ ရုံးသာကျေးရွာ ကော်မတီဖွဲ့စည်းထားရှိမှုအခြေအနေ

စဉ်	ကျေးရွာအုပ်စု	ကျေးရွာအမည်	ဖွဲ့စည်းသည့် နေ့	ကော်မတီဖွဲ့စည်းမှု		ကော်မတီဝင်များ၏ ကိုယ်ရေးအချက်အလက်			စာရင်းရှင်အမှတ်	ဖွင့်လှစ်သည့် နေ့စွဲ	မှတ်ချက်
				အမည်	တာဝန်	အဖအမည်	မှတ်ပုံတင်အမှတ်	ဖုန်းနံပါတ်			
၁	ရုံးသာ	ရုံးသာ	၂၆.၁၂.၂၀၁၈	ဦးတင်ဌေး	ဥက္ကဋ္ဌ	ဦးအောင်ရှင်	၅/ဝလန(နိုင်) ၀၂၈၃၇၄	၀၉-၄၅၁၂၃၆၉၈၁	F-223	၉.၁.၂၀၁၉	
၂	။	။		ဦးနေဝင်း	အတွင်းရေးမှူး(၁)	ဦးဘထိန်	၅/ဝလန(နိုင်) ၀၂၈၆၈၄				
၃	။	။		ဦးဇော်အေး	အတွင်းရေးမှူး(၂)	ဦးဌေးခိုင်	၅/ဝလန(နိုင်) ၀၂၈၄၄၆				
၄	။	။		ဦးအေးမြင့်	ဘဏ္ဍာရေးမှူး	ဦးချစ်သန်း					
၅	။	။		ဦးမော်တင်	စာရင်းကိုင်	ဦးကျော်ဘ	၅/ဝလန(နိုင်) ၀၂၈၅၆၇				
၆	။	။		ဦးထွန်းဆန်းအောင်	သော့ကိုင်	ဦးကျော်သန်း	၅/ဝလန(နိုင်) ၀၂၈၃၅၂				
၇	။	။		ဦးစိန်လှမြိုင်	သော့ကိုင်	ဦးဟန်လှ	၅/ဝလန(နိုင်) ၀၂၈၄၂၀				
၈	။	။		ဦးမျိုးဝင်း	အဖွဲ့ဝင်	ဦးဘထိန်	၅/ဝလန(နိုင်) ၀၂၈၈၈၁				
၉	။	။		ဦးသန်းထွန်း	အဖွဲ့ဝင်	ဦးရွှေဘို	၅/ဝလန(နိုင်) ၁၀၂၈၅၅				
၁၀	။	။		ဦးတိုးတိုး	အဖွဲ့ဝင်	ဦးဟန်ထိန်	၅/ဝလန(နိုင်) ၀၉၃၈၆၄	၀၉-၂၅၂၀၂၇၉၈၉			
၁၁	။	။		ဦးထွန်းလှမော်	အဖွဲ့ဝင်	ဦးဝင်းမောင်	၅/ဝလန(နိုင်)၀၉၃၈၀၅	၀၉-၂၅၃၇၆၁၆၇၆			

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၉	၈	၁၇
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၄	၂၂	၃၆
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၉	၂၈	၆၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၆	၂၁	၄၇
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၀၀	၄၇၄	၈၇၄
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၇၆	၁၁၀	၁၈၆
စုစုပေါင်း				၁၂၂၇
စုစုပေါင်း အိမ်ထောင်စု				၂၈၃

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ .....

.....

.....

.....

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၃၀၀၀	သင့်	နည်း	
ယာမြေ	၇၀၀	သင့်	နည်း	
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း	၃၇၀၀			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား - ဆည်၊ မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ……

……

……

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	မရှိ	-
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	နည်း	ခက်
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	မရှိ	-
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	မရှိ	
ပျမ်းမျှအပူချိန် -	ပျမ်းမျှ မိုးရေချိန် - (၄၀)	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျွန်တော်ကျေးရွာသည် သဲအနည်းအကျဉ်း ရရှိပါသည်။ ပျမ်းမျှမိုးရေချိန်မှာ (၄၀-၅၀)ရရှိပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
၁	လမ်းပြကြယ်	၁☐ ၂☑ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၂	ရပ်မိရပ်ဖ	၁☐ ၂☑ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပူးပေါင်းပါတင်သည်။
၃	လူမှုကူညီရေးအဖွဲ့	၁☐ ၂☐ ၃☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑	အလှူမင်္ဂလာပွဲများတွင် တက်တက်ကြွကြွပါဝင်သည်။

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက်
			စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၄	ဂေါပကအဖွဲ့	၁☐ ၂☐ ၃☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ဘုရားပွဲ၊ ကျောင်းပွဲများတွင် ပါဝင်ကူညီပါသည်။
၅		၁☐ ၂☐ ၃☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၆		၁☐ ၂☐ ၃☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၇	နာရေးအဖွဲ့	၁☐ ၂☐ ၃☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ .....

.....

.....

.....

၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၃၀ နှင့် ၂၀	၁၅ နှင့် ၁၀	၅ နှင့် ၁	ဧကမရှိ
အိမ်အခြေအနေ	တိုက်အိမ်	ပျဉ်ထောင်	သွပ်မိုး	သက်ကယ်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု				
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး၊ တောင်သူ	တောင်သူ	တောင်သူ	လက်လုပ် လက်စား
အိမ်ထောင်စု				

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ……

……

……..

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၆၀		မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၂၈		ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၁၁၀		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၆၀		အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၂၅		တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၂၈၃		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။……..

……

……..

……..

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	
စပါး	၃၀၀၀	တင်း			✓	သင့်
နှမ်း	၃၀၀	တင်း			✓	သင့်
ပဲစိမ်းငုံ	၃၀၀	တင်း	✓			နည်း
ကုလားပဲ	၁၀၀	တင်း	✓			နည်း

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။.....

.....

.....

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၂၁၅	၄၅၆
နို့စားနွား		
ကျွဲ		
မြင်း	၅	၅
မြည်း		
လား		
ဆိတ်	၃	၁၂၅
သိုး		
ဝက်		
ကြက်		
ဘဲ		
နွားနောက်		

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။……

……

……

……

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး				
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	၃	၁၆	၂	လတ်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)				
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး				
၈	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				

၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပညာရေး				
၁၃	ကျန်းမာရေး				
၁၄	လူမှုရေး လုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိစိန်ခေါ်မှုနှင့်အခြား)။ ။.....

.....

.....

.....

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)		
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☑ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက် ☐
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

……

……

……

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	**အမျိုးအစား**	**အရည်အသွေး**	**ရာသီအလိုက် သုံးစွဲနိုင်မှု**	**လမ်းအရှည် (မိုင်)**
ရွာတွင်းလမ်း	၁☑ ၂☐ ၃☐ ၄☐ ၅☐	**ကောင်း☐ သင့် ☐ ညံ့ ☑**	**ပွင့်လင်း ရာသီ ☑** **တစ်နှစ်ပတ်လုံး☐**	၀-၁ မိုင် ☑ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ချဉ်းကပ်လမ်း	၁☑ ၂☐ ၃☐ ၄☐ ၅☐	**ကောင်း☐ သင့် ☑ ညံ့ ☐**	**ပွင့်လင်း ရာသီ ☐** **တစ်နှစ်ပတ်လုံး☐**	၀-၁ မိုင် ☐ ၁-၅ မိုင် ☑ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ရွာချင်းဆက်လမ်း	၁☑ ၂☐ ၃☐ ၄☐ ၅☐	**ကောင်း☐ သင့် ☐ ညံ့ ☑**	**ပွင့်လင်း ရာသီ ☑** **တစ်နှစ်ပတ်လုံး☐**	၀-၁ မိုင် ☐ ၁-၅ မိုင် ☑ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅

လေ့လာတွေ့ရှိချက်။ ။……

……

……

……

(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	**Nearest town အကွာအဝေး (မိုင်)**	**ရာသီအလိုက် သုံးစွဲနိုင်မှု**
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်			၁၀	၂၁၂	၁	၄			၁၉၂

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ **။မွေးမြူရေးနည်းပါးသဖြင့် နွားလှည်းရှားပါးခြင်း။**

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၁၈၈
ဆိုလာစနစ်	၁၃
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	၈၅
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	၅၀
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၃၂

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

.....

……

……

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၂၈၀	၃	၁၃၇

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။……

……

……

……

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၃၅	၄၀	၇၅
အလယ်တန်း	၃၀	၂၉	၅၉
အထက်တန်း	၁၂	၁၆	၂၈
တက္ကသိုလ်/ကောလိပ်	၁၁	၂၂	၃၃

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။……

……

……

……

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)			(၂)			(၃)		
က။ ကျောင်းအဆင့်	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☑ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐			မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐			မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐		
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐		
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ☑ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၃၉၂၄ စတုရန်းပေ								
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း☐ သင့်☑ ညံ့☐			ကောင်း☐ သင့်☐ ညံ့☐			ကောင်း☐ သင့်☐ ညံ့☐		
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်☑ မလုံလောက်ပါ ☐			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☑ သင့် ☐ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐		
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်☑ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐		
ဇ။ ကျောင်းဆရာ/မ ဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်	-	၁၁	၁၁						
ကျေးရွာခန့်									

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။……

……

……

……

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

စဉ်	*ရောဂါ*	*ပျံနှံမှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှောဝ	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၂	သွေးလွန်တုပ်ကွေး	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၃	ငှက်ဖျား	*မြင့်*☐	*နိမ့်*☐	*မရှိ*☑
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	*မြင့်*☐	*နိမ့်*☐	*မရှိ*☑
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	*မြင့်*☐	*နိမ့်*☐	*မရှိ*☑
၆	တီဘီ	*မြင့်*☐	*နိမ့်*☐	*မရှိ*☑
၇	ဆီးချို	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၈	သွေးတိုး	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၉	အသည်းရောဂါ (ဘီ၊ စီ)	*မြင့်*☐	*နိမ့်*☐	*မရှိ*☑
၁၀	အာဟာရ ချို့တဲ့မှု	*မြင့်*☐	*နိမ့်*☑	*မရှိ*☐
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	*မြင့်*☐	*နိမ့်*☑	*မရှိ*☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	**ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်)	*ရှိ*	*မရှိ*
၁	အဆုတ်ရောဂါ	✓	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	✓	
၃	ပိုလီယိုရောဂါ	✓	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✓	
၅	ဝက်သက်ရောဂါ	✓	
၆	အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု**	✓	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	✓	
၈	အာဟာရ ပညာပေး အစီအစဉ်	✓	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

……

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☑
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☑
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☑ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☑ မရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။……

……

……

……

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း	၆	ကောင်း☐ သင့်☑ ညံ့☐	သင့်
အဝိစိတွင်း/ စက်တပ်	၄၀	ကောင်း☐ သင့်☑ ညံ့☐	သင့်

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
အဝီစိတွင်း/ တုံကင်		ကောင်း☐ သင့်☐ ညံ့☐	
မိုးရေ သိုလှောင်ကန်	၇၅	ကောင်း☐ သင့်☑ ညံ့☐	သင့်
မြစ်/ချောင်းရေ		ကောင်း☐ သင့်☐ ညံ့☐	
ရေကန်		ကောင်း☐ သင့်☐ ညံ့☐	
စိမ့်စမ်းရေ		ကောင်း☐ သင့်☐ ညံ့☐	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။……

……

……

……

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	
ရေလောင်း/ယင်လုံအိမ်သာ	၂၃၁
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	၅၆
တွင်းမရှိ အိမ်သာ	၂၁
အိမ်သာမရှိ	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။……

……

……

……

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	အသင့်
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိုက်ပျိုးရေ)	များ
၃	ရေကြီးခြင်း	နည်း
၄	မိုးခေါင်ခြင်း	လတ်
၅	အအေးလွန်ကဲခြင်း	နည်း
၆	မုန်တိုင်း	မရှိ
၇	ငလျင်	နည်း
၈	မီးဘေး	နည်း
၉	ဆားငန်ရေဝင်မြေ	မရှိ
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	လတ်
၁၁	သစ်တောပြုန်းတီးခြင်း	မရှိ
၁၂	ငှက်ဖျားရောဂါ	နည်း
၁၃	တီဘီရောဂါ	နည်း
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	နည်း
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	နည်း
၁၇	လူကုန်ကူးခြင်း	မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	လမ်းမကောင်းသည့်အတွက် အခက်အခဲရှိပါသည်။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	လတ်	မြေဆီလွှာအသင့်တင့်ကောင်းမွန်
အပင်မျိုးစိတ်များ	လတ်	သစ်ပင်ကြီးများ နည်းသွားပါသည်
ရေအရင်းအမြစ်	လတ်	သောက်သုံးရေမသန့်ရှင်းပါ
ငါးမျိုးကွဲများ	နိမ့်	သဘာဝအတိုင်း ရှိနေပါသည်
အခြားတိရစ္ဆာန်မျိုးကွဲများ	လတ်	အနည်းငယ် ပျောက်ကွယ်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

……

……

……

(၁၀ ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

စဉ်	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက် သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ* ☐	*မရှိ* ☑
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ* ☑	*မရှိ* ☐

ရင်းမြစ် (၁) **အဖွဲ့အစည်းများစာရင်း၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**


လေ့လာတွေ့ရှိချက်။ ။ ……

……

……

……

ကော်လေဂျိုနယ် ဂုံးဆေးရုံ သယ်ကာပြထားပုံ



ကသိုဂုဏ်ပြု ပြက္ခဒိန်

ပုံသာကျေးဇူး

17.

စဉ် / အကြောင်းအရာ	တနင်္ဂနွေ	တနင်္လာ	အင်္ဂါ	ဗုဒ္ဓဟူး	ကြာသပတေး	သောကြာ	စနေ	ဥပုသ်နေ့	ဥပုသ်နေ့	ဥပုသ်နေ့
၁ ကသိုဥတု										
၂ အာလယသုခဇနိ	၈ ရှိ	၈ ရှိ	၇ ရှိ	၇ ရှိ	၈ ရှိ	၈ ရှိ	၈ ရှိ	၇ ရှိ	၇ ရှိ	၈ ရှိ
၃ လက်ဝဲယပ်လက်စေး ဝဇ္ဇဒေဝီရှိမှု (မြေကို/နှုတ်သီးကို)			k	k			k	k	k	k
၄ အာသုံးစဉ်ဏ	ဒုတိ	ဒုတိ	သဒ်	ဗျဉ်	ဗျဉ်	သဒ်	သဒ်			
၅ ဝေးဒြေဂိုအာယတ်မှု	သဒ်	ဗျဉ်	ဗျဉ်	ဗျဉ်	ဗျဉ်	ဗျဉ်	ဗျဉ်	ဒုတိ	ဒုတိ	ဒုတိ
၆ ဝမ်းစာ ဖူလုံမှု	သဒ်	နဂ္ဂ	သဒ်	နဂ္ဂ	သဒ်	သဒ်	ဂဏ	ဂဏ	သဒ်	သဒ်
၇ သောကသုံးဂေ										
၈ တိဂိဆွာဒုဒ္ဓအာဂဏ္ဍီမှု	သဒ်	သဒ်	သဒ်	ဂဏ	ဂဏ	ဂဏ	ဂဏ	သဒ်	သဒ်	ဂဏ
၉ ကမ္ဘုန်းမောင်းအာဖြေအာဓိဋ္ဌာန်	+		+							
၁၀ သီးခုံပိုးမွှားတော်ကျေကျော်မှု										
၁၁ ပွဲတော်		ပဉ္စာန်းစိုက်		ပြဇာတ်ကြီး						စစ်ကြီး
၁၂ သဘာဝသေးအာနိဋ္ဌာယ	၆၅	၆ ၀	၆ ၀	၆ ၇	၆ ၇				၆အား ၁	